# ကျားကူး(အနောက်)ကျေးရွာ

## ရွာမကျေးရွာအုပ်စု

## ဒက္ခိဏသီရိမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျားကူး(အနောက်)ကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ အောက်တိုဘာ လ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | ၃ |
| ၁။ | ဒက္ခိဏသီရိမြို့နယ်၊ရွာမကျေးရွာအုပ်စု၊ကျားကူးအနောက်ကျေးရွာ၏ သယံဇာတပြမြေပုံ | ၄ |
| ၂။ | ဒက္ခိဏသီရိမြို့နယ်၊ရွာမကျေးရွာအုပ်စု၊ကျားကူးအနောက်ကျေးရွာ၏ **ရာသီခွင်ပြပြက္ခဒိန်** | ၅ |
| ၃။ | ဒက္ခိဏသီရိမြို့နယ်၊ရွာမကျေးရွာအုပ်စု၊ကျားကူးအနောက်ကျေးရွာ၏ **ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** | |
| ၄။ | ဒက္ခိဏသီရိမြို့နယ်၊ရွာမကျေးရွာအုပ်စု၊ကျားကူးအနောက်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေ အနေများ | |
| | (၄.က) တည်နေရာနှင့်ပထဝီအနေအထား | |
| | (၄.ခ ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | |
| | (၄.ဂ ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ | |
| | (၄.ဃ) လူဦးရေဆိုင်ရာအချက်အလက်၊ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (၄.င ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊အခြား အခြေခံအဆောက် အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး | |
| | (၄.စ ) ပညာရေး | |
| | (၄.ဆ) ကျန်းမာရေး | |
| | (၄.ဇ ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| | (၄.ဈ ) ကျား- မ ရေးရာ | |
| ၅။ | ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ | |

**နောက်ဆက်တွဲများ**

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း
- ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်စာအုပ်သည် ကျေးရွာမှပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါ သည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေး သောကျေးရွာရာအိမ်မှူးနှင့် ရပ်မိရပ်ဖများ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် စည်းလုံးမှုရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီစဉ်တကျဆောင်ရွက်ခြင်းနှင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း၊လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျေးရွာမှ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းကာ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲနည်းကို ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့် ပူးပေါင်း၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ကျေးရွာ၏ ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်ရုံသာမက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်မြို့နယ်ဌာန ဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် နည်းလမ်းများကိုသိရှိလာပါသည်။

ယခုရေးဆွဲထားသော စီမံချက်များကိုထပ်မံ၍ ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤစီမံချက်သည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ နှစ်စဉ်စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂) ပိုင်းပါရှိပါသည်။ အပိုင်း (၁) တွင်ကျေးရွာကော်မတီ၊ ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အပိုင်း(၂)တွင် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာအထောက်အကူပြု အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


အောက်တိုဘာ လ၊ ၂၀၂၀ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျားကူး(အနောက်)ကျေးရွာ၊ဒက္ခိဏသီရိမြို့နယ်


## ၁. ဒက္ခိဏသီရိမြို့နယ်၊ ရွာမအုပ်စု၊ ကျားကူး(အနောက်)ကျေးရွာ၏ သယံဇာတပြမြေပုံ



၂. ဒက္ခိဏသီရိမြို့နယ်၊ ရွာမအုပ်စု၊ ကျားကူးအနောက်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၃. ဒက္ခိဏာသီရိမြို့နယ်၊ ရွာမအုပ်စု၊ ကျားကူးအနောက်ကျေးရွာ၏ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



## ၄။ ဒက္ခိဏသီရိမြို့နယ်၊ ရွာမအုပ်စု၊ ကျားကူး(အနောက်)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

### ၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ကျားကူး(အနောက်)ကျေးရွာသည် နေပြည်တော်၊ ကောင်စီလမ်းဘေး တွင်တည်ရှိပြီး၊ နေပြည်တော်တိုင်း ၊ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်မှ (၄)မိုင်ခန့် ကွာဝေးပြီး ရွာမအုပ်စုတွင် တည်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ကျေးရွာ၏ပျမ်းမျှမိုးရေချိန်လက်မ ၈၀-၁၀၀ ဝန်းကျင်တွင်ရှိပြီးစိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့်အထောက်အကူပြုပါသည်။ကျေးရွာ၏လယ်ယာမြေများသည်စပါး၊ပဲ၊နှမ်းစိုက်ပျိုးနိုင်ပြီး အသက်မွေးဝမ်းကျောင်းအတွက် အဓိကအားထားရာဖြစ်ပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ် မှ ကင်းလွတ်ပြီးငြိမ်းချမ်းသော ကျေးရွာတစ်ရွာလည်းဖြစ် ပါသည်။

### ၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျားကူး(အနောက်)ကျေးရွာ၏ ရာသီဥတုအခြေအနေမှာသာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၀°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°Cရှိတတ်ပါသည်။မိုးရာသီတွင်တစ်ခါ တရံမိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်လေ့ရှိပါသည်။ လယ်ယာမြေများအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာကောင်းမွန်ပါသည်။ကျေးရွာတွင်သဘာဝသယံဇာတပစ္စည်းများ မထွက်ရှိပါ။ တောင်သူများမှာမိုးခေါင်သောက်များဖြစ်ပြီးစပါးကိုသာအဓိကစိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင်စိုက်ပျိုးနိုင်သည့်ဧက (၆၅) ဧကရှိပြီးစပါးနှင့်ပဲ၊နှမ်းကိုသာအဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးအနည်းငယ်ရှိပြီး နေ့စား/ ကျဗန်းများ များပြား ပါသည်။

## ၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျားကူး(အနောက်)ကျေးရွာတွင် သာရေးနာရေးအဖွဲ့၊ ကျေးရွာရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ပညာရေးဖောင်ဒေးရှင်းအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူငယ်အဖွဲ့၊ တောင်သူလယ်သမားအဖွဲ့၊ မီးလင်းရေးကော်မတီအဖွဲ့၊ ယောဂီအဖွဲ့ဟူ၍အဖွဲ့များရှိပါသည်။ ကျေးရွာတွင်း စိုက်ပျိုးရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်သည့် SMUငွေစုငွေချေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဟူ၍လည်းရှိပါသည်။ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာရာ အိမ်မှူး၊ ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင်အဖွဲ့အစည်းအလိုက် တာဝန် ပေးအပ်၍လုပ်ကိုင်ဆောင် ရွက်ကြပါသည်။

## ၄.ဃ။ လူဦးရေဆိုင်ရာအချက်အလက်၊စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျားကူး(အနောက်)ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။**စုစု ပေါင်းအိမ်ထောင်စု (၈၁) စု ကျား(၁၇၇) ၊ မ(၁၁၉) ဦးဖြင့် စုစုပေါင်း လူဦးရေ (၂၉၆) ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၆)ဦး နှုန်းရှိရာနိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်းနှင့်ကိုက်ညီလုနီးပါးရှိပါသည်။ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည်ကျေးရွာရှိလူဦးရေ၏(၇၇.၃၆%)ခန့်ရှိပြီးကျေးရွာတွင်းဖွံ့ဖြိုး ရေးစွမ်းဆောင်နိုင်သည့်အခြေအနေရှိပါသည်။**ကျေးရွာတွင်းရှိအိမ်ထောင်စုအများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက ထားလုပ်ကိုင်သူများဖြစ်ကြပြီး အခြားစီးပွားရေးအဖြစ်တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် တောင်သူအငှားများလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြ သောတောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာရရှိပြီး သီးနှံအထွက်နှုန်းကောင်း မွန်၍ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီးစိုက်ပျိုးရေမမှန်ပါကသီးနှံထွက်နှုန်းမကောင်း၍အကျိုးအမြတ်နည်းခြင်း၊ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရတတ် ပါသည်။ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးရောင်း ဝယ်ရေးနှင့် လက်သမား၊ပန်းရံနေ့စား/ ကျဗန်း လုပ်ငန်းလုပ်ကိုင်ကြသူများလည်းရှိပါသည်။

ကျားကူး(အနောက်)ကျေးရွာတွင်ဥစ္စာဓနအဆင့်ကိုအဆင့်(၄)ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့်အခြေအနေအရ အဆင်ပြေသောမိသားစုမှာ (၂)ဦးရှိပြီးကျေးရွာ အိမ်ထောင်စု၏ (၂.၄%)၊ အလယ်အလတ်အိမ်ထောင်စု (၃၀) ဦးရှိပြီး အိမ်ထောင်စုပေါင်း၏ (၃၇%)၊မပြေလည်သောအိမ်ထောင်စုမှာ (၂၉) ဦး(၃၅.၈%)၊ အလွန်မပြေလည်သောအိမ်ထောင်စု (၂၀) ဦးရှိပြီး အိမ်ထောင်စုပေါင်း၏ (၂၄.၆%) ရှိပြီး ကျေးရွာအိမ်ထောင်စု၏လေးပုံသုံးပုံမှာ အဆင်ပြေသောအိမ်ထောင်စုများဖြစ်သည်ကို လေ့လာတွေ့ရှိ ရပါသည်။

**၄.၀။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံ အဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)**

ကျားကူး(အနောက်)ကျေးရွာတွင် ယခင်ကလမ်းများမကောင်း၍သွားလာရခက်ခဲသော် လည်းယခုအခါနိုင်ငံတော်၏ပံ့ပိုးမှုအပါအဝင်စိုက်ပျိုးရေးဌာနမှအကောင်အထည်ဖော်ဆောင် ရွက်နေသောSMUချေးငွေဖြင့်လမ်းများပြုပြင်ခြင်းကြောင့်ကျေးရွာတွင်းလမ်းများမှာကောင်းမွန် ၍ရာသီမရွေးသွားလာရလွယ်ကူပါသည်။ ထို့ပြင် ကျေးရွာတွင် လျှပ်စစ်မီးများလည်းရရှိပြီး ဆက်သွယ်ရေးအတွက် ရုပ်မြင်သံကြား၊ ရေဒီယို၊ လက်ကိုင်ဖုန်းများ၏ ဆက်သွယ်ရေးမှာ လည်းကောင်းမွန်ပါသည်။

**၄.၈။ ပညာရေး**

ကျားကူး(အနောက်)ကျေးရွာသည်အုပ်စုတွင်းရှိကျေးရွာတွင်အတန်းပညာသင်ယူတတ် မြောက်ပြီး ဘွဲ့ရများလည်းရှိပါသည်။ထို့အပြင် ကျေးရွာလူဦးရေအများစုသည်မိမိသားသမီး များအားအတန်းပညာပြီးဆုံးသည်အထိအတတ်နိုင်ဆုံးကြိုးစားထားသည်ကိုလည်းတွေ့ရပါ သည်။ကျေးရွာတွင်းရှိကျောင်းသား/ကျောင်းသူများမှာအခြေခံပညာအဆင့်မှ အထက်တန်းပညာအဆင့် အထိ(၅၉) ဦးခန့်ရှိပါသည်။

**၄.ဆ။ ကျန်းမာရေး**

ကျားကူး(အနောက်)ကျေးရွာသည် **ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ကျန်းမာရေးအရစိုးရိမ်စရာမရှိဖြစ်ပြီးမြို့နှင့်လည်းနီးသောကြောင့်သွားလာရလွယ်ကူပါသည်။ကျေးရွာသူ/**ကျေးရွာသားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါဖြစ်ပွားသူများလည်းမရှိသလောက်ရှားပါးပါသည်။ကျေးရွာတွင်းသောက်သုံးရေအတွက်အဝီစိစက်တပ်နှင့်တုံကင်တွင်းများရှိသည့်အတွက်ရေအခက်အခဲမရှိပါ။ကျေးရွာအိမ်ထောင်စုအများစုမှာယင်လုံအိမ်သာသုံးစွဲကြပါသည်။

**၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ကျားကူး(အနောက်)ကျေးရွာရှိ စိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့်ပိုးသတ်ဆေးနှင့်ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရန် အတွက်ကျေးရွာတွင်း ကော်မတီများဖွဲ့၍ အမှိုက်များသိမ်းဆည်းလေ့ရှိ ပါသည်။

**၄.ဈ။ ကျား – မရေးရာ**

ကျားကူး(အနောက်)ကျေးရွာတွင်ကျား–မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား–မ ရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင်ကျားနှင့်မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာတွင်အမျိုးသား၊ အမျိုးသမီး များသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။ကျေးရွာတွင် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင်အမျိုးသားများနှင့်တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၆၀၀၀/–)ကျပ်ဖြစ်ပြီး၊ လက်သမား၊ပန်းရန်စသောလက်မှုပညာဖြင့်လုပ်ကိုင်ကြသောအမျိုးသားများ၏

ပျမ်းမျှတစ်ရက် လုပ်အားခမှာ (၈၀၀၀/−) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏တစ်ရက်လုပ်အားခပျမ်းမျှမှာ (၅၀၀၀/−)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ(၈၀၀၀/−)ကျပ်နှင့်အမျိုးသမီးပျမ်းမျှ(၆၀၀၀/−)ကျပ်ရရှိကြသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေး အဆင့် | ဆောင်ရွက်မည့်ဌာန | ဘဏ္ဍာနှစ် |
|---|---|---|---|
| ၁။သုသာန်လမ်းကွန်ကရစ်ခင်းရန်(၄၂၂'x၁၂' x၈") | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ၂၀၁၉-၂၀၂၀ |
| ၂။ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း(၂၀'x ၃၀'x၁၂') | ၂ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ၂၀၁၉-၂၀၂၀ |

နောက်ဆက်တွဲ (၁)

## ကျားကူးအနောက်ကျေးရွာ၊ ရွာမ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမောင်ဝင်း | ဦးကျော်ဒင် | ၉/ပမန(နိုင်) ၁၆၁၂၀၂ | ၆၂ | ဥက္ကဋ္ဌ | ၀၉- ၇၇၁၂၂၆၀၈၅ |
| ၂ | ဦးကြည်ရွှင် | ဦးဆိုင် | ၉/ပမန(နိုင်) ၁၀၁၁၁၇ | ၆၂ | အတွင်းရေးမှူး | ၀၉- ၇၈၄၉၇၆၄၁၃ |
| ၃ | ဦးထွန်းဆောင် | ဦးဘိုးဆယ် | ၉/ပမန(နိုင်) ၁၆၁၂၀၁ | ၅၈ | ဘဏ္ဍာရေးမှူး | ၀၉- ၄၂၄၂၅၃၃၉၆ |
| ၄ | ဦးနေထက်လင်း | ဦးမြင့်ကို | ၉/ဒခသ(နိုင်) ၀၀၄၀၂၀ | ၂၅ | အဖွဲ့ဝင် | ၀၉- ၇၆၁၈၀၁၆၃၈ |
| ၅ | ဒေါ်မြင့်မြင့်သန်း | ဦးတင်ခ | ၉/ပမန(နိုင်) ၂၂၈၇၄၅ | ၄၉ | အဖွဲ့ဝင် | ၀၉- ၉၅၃၇၈၉၆၈၈ |
| ၆ | ဒေါ်သန်းဦး | ဦးဖော် | ၉/ပမန(နိုင်) ၁၀၁၁၁၄ | ၄၉ | စာရင်းကိုင် | ၀၉- ၇၉၇၆၉၈၄၄၂ |
| ၇ | ဒေါ်ယဉ်ယဉ်မော် | ဦးမြင့်အောင် | ၉/ဒခသ(နိုင်)၀၀၂၂၃၇ | ၁၉ | အဖွဲ့ဝင် | ၀၉- ၇၆၁၀၃၅၅၀၄ |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖအဖွဲ့နှင့်တောင်သူလယ်သမားအဖွဲ့ | | | | | |
| | | | | | | |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော လက်လုပ်လက်စားအဖွဲ့ | | | | | |
| | | | | | | |
| ၃ | အမျိုးသမီးအဖွဲ့ | | | | | |
| | | | | | | |
| ၄ | ပညာရေးနှင့်လူငယ်အဖွဲ့ | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၂ | ၆ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၇ | ၄ | ၁၁ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆ | ၃ | ၉ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၉ | ၂ | ၄၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၁ | ၁၀၈ | ၂၂၉ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | | | |
| **စုစုပေါင်း** | | ၁၇၇ | ၁၁၉ | ၂၉၆ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၈၁ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊

**အသက် ၆၅နှစ်နှင့်အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျားကူး(အနောက်)ကျေးရွာသည် တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ (၄) ဦးခန့်သာရှိပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)** |
|---|---|---|
| လယ်မြေ | ၆၄ | ကောင်း☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁ | ကောင်း ☐ သင့် ☑ ညံ့☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၆၅ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျားကူး(အနောက်)ကျေးရွာသည် လယ်မြေ၊ယာမြေ မြေအမျိုးအစား(၂)မျိုးသာရှိပါသည်။ကျေးရွာတွင်စိုက်ပျိုးမြေနည်းပါးခြင်း၊မျိုးစေ့အခက်အခဲရှိခြ င်း၊ မြေဆီလွှာပြုပြင်ရန်နည်းစနစ်လိုအပ်ခြင်းများတွေ့ရှိရပါသည်။

**(၂.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့် ☐ နည်း☐ မရှိ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း☐ မရှိ☑ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် ကျားကူး(အနောက်)ကျေးရွာသည် ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များရှားပါးပြီးကျောက်သဲစသည့်များလက်လှမ်း မမှီဖြစ်ပြီး အပင်မျိုးစိတ်များလည်းမရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | SMU ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | | | | ပညာရေး☐<br>ငွေကြေး☑<br>ကျန်းမာရေး☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး နာရေး၊လူမှုဖွံ့/ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၂ | ကျေးရွာရပ်မိရပ်ဖအဖွဲ့ | ၁ ☐<br>၂ ☐<br>၃☑ | ၁၅ | ၀ | ၁၅ | ပညာရေး☐<br>ငွေကြေး☐<br>ကျန်းမာရေး☐<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး<br>နာရေး၊လူမှုဖွံ့ဖြိုးရေး/☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့်<br>ကာကွယ်ရေး☐ | |
| ၃ | ကျေးရွာစည်ပင်သာယာရေး | ၁ ☐<br>၂ ☑<br>၃ ☐ | ၄ | ၃ | ၇ | ပညာရေး☐<br>ငွေကြေး☐<br>ကျန်းမာရေး☑<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး<br>နာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐<br>လုံခြုံရေးနှင့်<br>ကာကွယ်ရေး☐ | ကောင်း☐<br>သင့် ☑<br>ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၄ | ငွေစုငွေချေး | ၁ ☑<br>၂ ☐<br>၃ ☐ | ၁၀ | ၁၀ | ၁၀ | ပညာရေး☐<br>ငွေကြေး☑<br>ကျန်းမာရေး☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး<br>နာရေး၊လူမှုဖွံ့ဖြိုးရေး/☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး<br>☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၅ | မီးလင်းရေး<br>အဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၇ | ၀ | ၇ | ပညာရေး☐<br>ငွေကြေး☐<br>ကျန်းမာရေး☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေးနာရေး၊လူမှုဖွံ့/<br>ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး<br>☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ လူထုအခြေပြုအဖွဲ့(၆)ဖွဲ့ရှိပြီး၊ အပြန်အလှန်ယုံကြည်မှု ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။

**(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | အသင့်အတင့် | နည်း | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | ကောင်း | အသင့်အတင့် ကောင်း | အသင့်အတင့် | ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင် | အသင့်အတင့် | မရှိ | မရှိ | မရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း |
| အိမ်ထောင်စု | ၂ | ၃၀ | ၂၉ | ၂၀ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားအသက်မွေးကြပြီး၊ အခြားသော ပြင်ပလုပ်ငန်းများဖြစ်သည့် လက်သမား၊ပန်းရံ၊အပ်ချုပ်လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသည့်အတွက် အဆင်ပြေသောအိမ်ထောင်စုများရှိပြီးမပြေလည်သောအိမ်ထောင်စု အနည်းငယ်လည်း ရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကကြား | ၁ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | - | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၈၁ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - မြေယာမဲ့များ ကျေးရွာအိမ်ထောင်စု၏ လေးပုံ/သုံးပုံခန့်ရှိသည်။ သီးနှံစိုက်ပျိုးမြေဧကနည်းပါး၍ အဆင်မပြေသော အိမ်ထောင်စုများလည်းရှိသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | သီးနှံစိုက်ပျိုး သည့်ကာလ | | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၆၄ | တင်း | ၆၀ | ၉၀ | ၇၀ | Jun | Sep | မြင့်☐လတ်☑နိမ့် ☐ | မြင့် ☐ လတ်☑နိမ့်☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာမြေများအား စပါးကိုသာ အဓိကထား အများစုစိုက်ပျိုးကြသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | - | - |
| နို့စားနွား | - | - |
| ကျွဲ | ၃ | ၁၂ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၄ | ၁၃ |
| ကြက် | ၂ | ၁၅ |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေး | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| လုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - မွေးမြူရေးသီးသန့်မရှိပါ။ တောင်သူခိုင်းရန်၊ တပိုင်တနိုင် ကျွဲ၊ နွား အနည်းငယ်နှင့် ဝက်၊ကြက်၊ဘဲများမွေးမြူကြသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၁၅ | - | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၂ | **တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၀ | ၆၀ | - | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၃ | **ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃၅ | - | - | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |
| ၄ | **ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၀ | ၄၀ | - | မြင့် ☐<br>လတ် ☑<br>နိမ့် ☐ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် လက်သမား/ပန်းရံလုပ်ငန်း၊ ကျွမ်း ကျင်ပညာရှင် (ဆံပင်၊စက်ချုပ်) လုပ်ငန်းများလုပ်ကိုင်ကြသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ**

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး(အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | လမ်းပျဉ်းမနားဈေး | ပျဉ်းမနားဈေး |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐<br>၁ မှ ၅ မိုင်☑<br>၅ မှ ၁၀မိုင်☐<br>၁၀ မှ ၁၅မိုင် ☐ | ၀ မှ ၁၀ မိုင် ☑<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐<br>၃၀ မှ ၅၀ မိုင် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး☐<br>ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☐<br>ရထား သုံးဘီးဆိုင်ကယ်☐<br>လှေ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐<br>ဆိုင်ကယ် ☑<br>ကား/ထော်လာဂျီ ☐<br>ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐<br>လှေ စက်လှေ☐ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (<u>အနည်းဆုံးတစ်ခု နှင့်အထက်</u> ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်)<br>☑မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း<br>☑အဝတ်အထည်<br>☑ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☑ပစ္စည်းစုံ ဝန်ဆောင်မှုစုံရနိုင်☑ | စားသောက်ကုန် (ကုန်စိမ်း၊ကုန် ခြောက်)<br>☑မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း<br>☑အဝတ်အထည်<br>☑ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☑ပစ္စည်းစုံ ဝန်ဆောင်မှုစုံရနိုင်☑ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး(အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအခြေခံအဆောက် အဦ | ကောင်း☐ သင့် ညံ့☐ | ကောင်း☐ သင့်ညံ့ ☐ |
| ဝန်ဆောင်မှု | ကောင်း☐ သင့် ညံ့☐ | ကောင်း☐ သင့် ညံ့☐ |

**ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အခြားသော ကုန်ပစ္စည်းများဝယ်ယူလိုလျှင် လမ်းပျဉ်းမနားဈေးနှင့် ပျဉ်းမနားဈေးသို့သွားရောက်ဝယ်ယူကြသည်။

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

**ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ**

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီ အလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☐<br>၂☐<br>၃☐<br>၄☑<br>၅ ☐ | ကောင်း☐<br>သင့် ☑<br>ညံ့ ☐ | ၆လမှ ၁နှစ် ☑<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ် ပတ်လုံး☑ | ဝ-၁ မိုင် ☑<br>၁-၅ မိုင် ☐<br>၅-၁ဝမိုင် ☐<br>၁ဝမိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁ ☐<br>၂☑<br>၃☐ | ကောင်း☐<br>သင့် ☑ | ၆လမှ ၁နှစ်☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ် | ဝ-၁ မိုင်<br>၁-၅ မိုင် ☐ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| | ၄☐<br>၅ ☐ | ညံ့ ☐ | ၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☑ | ပတ်လုံး☑ | ၅–၁၀မိုင် ☐<br>၁၀ မိုင် အထက် ☐ |
| ရွာချင်းဆက် လမ်း | ၁ ☐<br>၂☐<br>၃☐<br>၄☐<br>၅ | ကောင်း☐<br>သင့်☑<br>ညံ့ ☐ | ၆လမှ ၁နှစ်☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ်အထက် ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☐<br>၁–၅ မိုင်☑<br>၅–၁၀မိုင် ☐<br>၁၀ မိုင် အထက် ☐ |

**ရင်းမြစ်     ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။   ။မြေသားလမ်း – ၁၊   ကျောက်ခင်းလမ်း – ၂၊  ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**

**လေ့လာတွေ့ရှိချက်။**   ။ ကျေးရွာတွင်းလမ်းမှာ အများအားဖြင့်ကျောက်ချောလမ်းများဖြစ်ပြီး သွားလာရအဆင်ပြေပါသည်။

**(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

**ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ခြစ်ပါ)။**

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ လှေ၊ သမ္ပာန် ☐<br>၂ စက်လှေ ☐<br>၃ သင်္ဘော ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ လှေ၊ သမ္ပာန် ☐<br>၂ စက်လှေ ☐<br>၃ သင်္ဘော ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်	ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။လေ့လာတွေ့ရှိချက် –ကျေးရွာတွင်ရေကြောင်းသယ်ယူပို့ဆောင်မှုများ မရှိပါ။

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

**ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ**

| ယာဉ်အမျိုးအစား | လှေ၊ သမ္ပာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | – | – | ၄၀ | ၈၆ | ၁ | – | ၁၂ | – | ၃၉ |

**ရင်းမြစ်    အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။**        ။ သယ်ယူပို့ဆောင်ရေးအဖြစ် စက်ဘီး မော်တော်ဆိုင်ကယ်၊ ကားကို အသုံးပြုကြပြီးသယ်ယူကြသည်။

**(၅.၅)  လျှပ်စစ်မီးရရှိမှု**

**ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၅၆ | ကောင်း☑သင့်☐ ညံ့ ☐မဖြေဆို☐ | ရှိ☐မရှိ |
| ဆိုလာစနစ် | - | ကောင်း☐သင့်☐ညံ့☐ မဖြေဆို☐ | ရှိ ☐မရှိ ☐ |
| အသေးစားရေအားလျှပ်စစ် | - | ကောင်း☐သင့်☐ညံ့ ☐ မဖြေဆို ☐ | ရှိ ☐မရှိ ☐ |
| ဒီဇယ်သုံးအင်ဂျင် | - | ကောင်း☐သင့်☐ညံ့ ☐ မဖြေဆို ☐ | ရှိ☐ မရှိ ☐ |
| လေစွမ်းအင် | - | ကောင်း☐သင့်☐ညံ့ ☐ မဖြေဆို ☐ | ရှိ☐ မရှိ ☐ |
| ဇီဝလောင်စာ | - | ကောင်း☐သင့်☐ညံ့ ☐ မဖြေဆို ☐ | ရှိ ☐မရှိ☐ |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ် | - | ကောင်း☐သင့်☐ညံ့☐ မဖြေဆို ☐ | ရှိ ☐မရှိ ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၂၅ | ☒ | ☒ |

**ရင်းမြစ် ....... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။အိမ်ထောင်စု ၈၁ စုရှိသည့်အနက်မှ( ၅၆) စုသာမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရယူသုံးစွဲနိုင်သေးပြီး ဆင်းရဲသားအိမ်ထောင်စုများမှာမူ အခြားနည်းစနစ်ဖြင့် အသုံးပြုနေကြရပါသည်။

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

**ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၁၆၄ | – | ၆၀ | – |

**ရင်းမြစ် အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တယ်လီဖုန်းလိုင်းများအားလုံး မိ သောကြောင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား (၁၆) ကျောင်းတက်နှုန်း**

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၃ | ၄ | ၁၇ |
| အလယ်တန်း | ၁၉ | ၁၄ | ၃၃ |
| အထက်တန်း | ၃ | ၃ | ၆ |
| တက္ကသိုလ်/ကောလိပ် | – | ၃ | ၃ |

**ရင်းမြစ် (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် “ဘုန်းကြီးကျောင်း သင်ပညာရေး” ကို သင်ယူဆည်းပူးနေသော ကျောင်းသူ /သားများကို အခြေခံပညာ ဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်း ရန်ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျောင်းတက်နှုန်းမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း တက်ရောက်မှုနှုန်းများရှိပါသည်။

**(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

**ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း☐မူလွန် ☐ အလယ်တန်း(ခွဲ) ☐အလယ်တန်း ☐အထက်တန်း(ခွဲ) ☐အထက်တန်း ☐ | မူလတန်း☐မူလွန် ☐အလယ်တန်း(ခွဲ) ☐အလယ်တန်း☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐ | မူလတန်း☐မူလွန် ☐အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐အထက်တန်း(ခွဲ) ☐ အထက်တန်း ☐ |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ဝမှ၁မိုင် ☐ ၁ မိုင် မှ ၃ မိုင်☐ ၁၅ မိုင် မှ ၂၀မိုင်☐၂၀ မိုင် အထက်☐ | ဝ မှ၁မိုင်☐၁ မိုင် မှ ၃ မိုင် ☐၁၅ မိုင် မှ ၂၀မိုင် ☐၂၀ မိုင် အထက် ☐ | ဝမှ၁မိုင်☐၁ မိုင် မှ ၃ မိုင်☐ ၁၅ မိုင် မှ ၂၀မိုင်☐၂၀ မိုင် အထက် ☐ |
| ဂ။သယ်ယူပို့ဆောင် ရေးဝန်ဆောင်မှု | ခြေလျင်☐စက်ဘီး ☐ဆိုင်ကယ်☐ကား ☐ | ခြေလျင်☐စက်ဘီး ☐ ဆိုင်ကယ်☐ကား ☐ | ခြေလျင်☐စက်ဘီး ☐ဆိုင်ကယ်☐ကား ☐ |
| ဃ။စာသင်ကျောင်း ၏စုစုပေါင်း | - | - | - |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | | | | | | | |
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐သင့်☐ညံ့ ☐ | | | ကောင်း☐သင့်☐ ညံ့☐ | | | ကောင်း☐သင့် ☐ညံ့☐ | | |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာအခြေအနေ | ကောင်း☐သင့် ☐ညံ့ ☐မရှိ☐ | | | ကောင်း☐သင့်☐ညံ့ ☐မရှိ☐ | | | ကောင်း☐သင့် ☐ညံ့☐မရှိ☐ | | |
| ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☐တိုက်ကျွေးမှုမရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှုမရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှုမရှိပါ ☐ | | |
| ဇ။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၈ | ၉ | - | - | - | - | - | - |
| ကျေးရွာခန့် | - | - | - | - | - | - | - | - | - |

**ရင်းမြစ်	(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။	။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။**

လေ့လာတွေ့ရှိချက်။	။လေ့လာတွေ့ရှိချက် – ကျေးရွာတွင်စာသင်ကျောင်းမရှိသောကြောင့် အခြေခံပညာ မူလတန်းမှစ၍ ကျေးရွာအုပ်စုတွင်းရှိကျောင်းတွင် သွားရောက်ပညာသင်ကြားရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၃ | ငှက်ဖျား | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၄ | အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၆ | တီဘီ | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၇ | ဆီးချို | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၈ | သွေးတိုး | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၁ | အခြားကူးစက်နိုင်သောရောဂါများ | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |

**ရင်းမြစ်　　(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။　　။ ရာသီဥတုအပေါ်မူတည်၍ ရောဂါအနည်းငယ် မျှသာဖြစ်ပေါ်သည်။

**(၇.၂)  လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉)  လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ရှိ ☑ | မရှိ ☐ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ ☑ | မရှိ ☐ |
| ၃ | ပိုလီယိုရောဂါ | ရှိ ☑ | မရှိ ☐ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ ☑ | မရှိ ☐ |
| ၅ | ဝက်သက်ရောဂါ | ရှိ ☑ | မရှိ ☐ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ ☑ | မရှိ ☐ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ရှိ ☑ | မရှိ ☐ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ရှိ ☑ | မရှိ ☐ |

**ရင်းမြစ်     (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း  ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။     ။လေ့လာတွေ့ရှိချက် – ကာကွယ်ဆေးထိုးနှံခြင်းများပုံမှန်ရှိသည်။

**(၇.၃)  ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

**ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ**

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင်☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင်ရှိသည် ☑<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင်ဆေးဆိုင် မရှိပါ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☑<br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျသိုလှောင်ထားခြင်း မရှိပါ ☐ |

**ရင်းမြစ်   (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ သာမာန်ရောဂါများအား ကျေးရွာအုပ်စုတွင်းရှိကျေးလက်ကျန်းမာရေးဌာနတွင်သာကုသကြပြီးအရေးပေါ်ကိစ္စများနှင့် ရောဂါကြီးများအား မြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရသည်။

## (၇.၄) ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြု သောအိမ် ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှု (စနစ်တကျစမ်းသပ်စစ် ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေအရည်အသွေး (သောက်သုံးရေ အရည် အသွေးစမ်းသပ်စစ် ဆေးထားမှုတွင် "ရှိ" ဟုဖြေဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါကဖြေ ရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့်လို လောက်မှုအခြေ အနေ(ရာသီမရွေး ရပါကနွေ၊ မိုးနှင့် ဆောင်း ရာသီသုံး မျိုးလုံးကိုရွေး ပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၁၁ | ရှိ ☐မရှိ ☑ | ကောင်း ☐<br>သင့်☑<br>ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ စက်တပ် | ၆ | ရှိ ☐မရှိ ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ တုံကင် | - | ရှိ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင် ကန် | - | ရှိ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသောအိမ်ထောင်စု | သောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားမှု (စနစ်တကျစမ်းသပ်စစ်ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေအရည်အသွေး (သောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟုဖြေဆိုထားပါကဖြေဆိုရန်။ "မရှိ" ဟုဖြေဆိုထားပါကဖြေရန်မလို) | သောက်သုံးရေရရှိနိုင်မှုနှင့်လိုလောက်မှုအခြအနေ(ရာသီမရွေးရပါကနွေ၊ မိုးနှင့် ဆောင်းရာသီသုံးမျိုးလုံးကိုရွေးပေးပါရန်) |
|---|---|---|---|---|
| မြစ်/ချောင်းရေ | - | ရှိ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | - | ရှိ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | - | ရှိ ☐မရှိ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင်း အဝီစိတွင်းမှ သောက်ရေအားစစ်၍ အသုံးပြုကြသည်။ရေအရည်အသွေးစစ်ဆေးမှုများရှိပါသည်။

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

**ဇယား (၂၂) အိမ်သာ အမျိုးအစား**

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၈၁ |
| မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | - |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုအားလုံးနီးပါး ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

**ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ**

| စဉ် | **ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့်☐လတ်☐နိမ့်☑မရှိ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ | မြင့်☐လတ်☐နိမ့်☑မရှိ☐ |

| စဉ် | **ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၆ | မုန်တိုင်း | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၇ | လျှပ် | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၈ | မီးဘေး | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့်☐လတ်နိမ့်မရှိ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့်လတ်☐နိမ့်☐မရှိ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၁၃ | တီဘီရောဂါ | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့်☐လတ်☐နိမ့်☐မရှိ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မြင့်☐လတ်☐နိမ့်☐မရှိ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အောင်သုခကျေးရွာသည် ဘေးအန္တရာယ်ဖြစ်ပွားမှုများမှ ကင်းဝေးသောကျေးရွာတစ်ရွာလည်းဖြစ်ပါသည်။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

**ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ**

| အခြေအနေ | အခက်အခဲ | အန္တရာယ်ရှိမှု<br>(အခက်အခဲ "ရှိ" ဟု ဖြေ ဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို။)) |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | ရှိ ☐မရှိ ☑ | မြင့် ☐လတ် ☐နိမ့် ☐ |
| အပင်မျိုးစိတ်များ | ရှိ ☐မရှိ ☑ | မြင့်☐လတ် ☐နိမ့် ☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | ရှိ☑ မရှိ ☐ | မြင့် ☐လတ် ☐နိမ့် ☑ |
| ရေအရင်းအမြစ် | ရှိ ☑မရှိ☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ငါးမျိုးကွဲများ | ရှိ ☐မရှိ ☑ | မြင့်☐လတ် ☐ နိမ့် ☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | ရှိ ☐မရှိ ☑ | မြင့် ☐လတ်☐ နိမ့် ☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | ရှိ ☑မရှိ ☐ | မြင့် ☐ လတ် ☑နိမ့် ☐ |

**ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ မြေဆီမြေသြဇာအခြေအနေမှာ အသင့် အတင့်ရှိ၍ ငါးမျိုးကွဲများ၊ အခြားတိရစ္ဆာန်မျိုးကွဲများမရှိပါ။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ များအတွက် လူထု၏အသိအမြင်ရှိမှု | ရှိ ☑ | မရှိ ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းအဖွဲ့အစည်းအချို့တွင်အမျိုးသမီးများတက်ကြွစွာ ပါဝင်လုပ်ဆောင်ကြသည်။

**ပုံစံ(၁)**

<table>
<tr><td colspan="2">ကျေးရွာ - ကျားကူးအနောက်<br>ကျေးရွာအုပ်စု - ရွာမ<br>မြို့နယ် - ဒက္ခိဏသီရိ<br>တိုင်းဒေသကြီး / ပြည်နယ် - နေပြည်တော်</td></tr>
<tr><td colspan="2">စီမံချက်အမည် - သုသာန်လမ်းကွန်ကရစ်လမ်းခင်းခြင်း</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>မိုးတွင်းကာလရောက်သောအခါသုသာန်လမ်းတွင်ရွာသူ/သားများအသွားအလာခက်ခဲမှုဖြစ်ပေါ်သောကြောင့်ဖြစ်ပါသည်။</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)<br>မိုးတွင်းကာလတွင်သွားလာရခက်ခဲသောကြောင့်ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်းဖြစ်ပါသည်။</td></tr>
<tr><td colspan="2">မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)<br>ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ပေးမည်ဆိုပါကရွာသူ/သားများအခက်အခဲမရှိသွားလာရအဆင်ပြေပါသည်။</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)<br>သုသာန်လမ်းကွန်ကရစ်ခင်းရန်(၄၂၂’x၁၂’x၈”)</td></tr>
<tr><td colspan="2">ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
</table>

| | |
|---|---|
| • ၁၀သန်း (ငွေသား)<br>• – (ငွေသား)<br>• လုပ်အား (လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

**နောက်ဆက်တွဲ**

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၁၇၇ | ၁၁၉ | ၂၉၆ | ၂ | ၃၀ | ၂၉ | ၂၀ | ၈၁ |
| **အကျိုးခံစားမည့် ဦးရေ** | ၁၇၇ | ၁၁၉ | ၂၉၆ | ၂ | ၃၀ | ၂၉ | ၂၀ | ၈၁ |
| မှတ်ချက်။ ချောင်လည်အဆင့် – ၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>– ဒက္ခိဏသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ထောက်ပံ့ငွေ(၁၀)သန်းဖြင့် ကျေးစာဥကျေးရွာကော်မတီမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ |
| (၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)<br>၇.၅.၂၀၂၀ |
| (၃) စီမံချက် ပြီးစီးမည့်အချိန်<br>၂၅.၅.၂၀၂၀ |

| |
|---|
| (၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့် အစီအစဉ်<br>– ကျေးရွာမှ ငွေကြေးထည့်ဝင်မှုမရှိသော်လည်း လူထုလုပ်အားပါဝင်နိုင်မည်ဖြစ်ပါသည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br><br>- စီမံကိန်းလုပ်ငန်းခွဲအား ကျေးရွာကော်မတီအပါအဝင် ရပ်မိရပ်ဖများမှ အဖွဲ့အစည်းဖွဲ့၍တာဝန်ယူပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |